## ပြိုင်ပွဲခေါင်းစဉ်အမျိုးအစားများ

ပြိုင်ပွဲအမျိုးအစားခေါင်းစဉ် (Award Category) (၆) ခုဖြင့် ပါဝင်ပြီး ယင်းတို့၏ အကျဉ်းချုပ် ရှင်းလင်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

1. The Public Sector
2. The Private Sector
3. Corporate Social Responsibility (CSR)
4. Digital Content
5. Startup Company
6. Research and Development

**The Public Sector**

အစိုးရဌာနများမှ အများပြည်သူနှင့်လုပ်ငန်းများသို့ ဝန်ဆောင်မှုပေးရာတွင် အသုံးပြုနိုင်သော Software Applications and Hardware Devices Product များနှင့် e-Government Application များ အကျုံးဝင်သည်။

**The Private Sector**

ကုမ္ပဏီများ၊ လုပ်ငန်းသုံး Software Applications/Hardware များဖြစ်သော

- Industrial Application - စက်ရုံ ၊ အလုပ်ရုံများတွင် Control Software များနှင့် ပစ္စည်းများ ရေတွက်သောစနစ်များ၊
- e-Logistics - ကွန်ပျူတာ Software Applications များကို အသုံးပြု၍ ကုန်ပစ္စည်းများ၏စာရင်းများ ၊ သိုလှောင်သိမ်းဆည်းထားရှိရမည့်နေရာများကို Control လုပ်နိုင်သောစနစ်များ၊
- Supply Chain Management - ကုန်ပစ္စည်းထုတ်လုပ်မှုအတွက် ကုန်ကြမ်းဝယ်ယူခြင်း ၊ ထုတ်လုပ်ပြီးပစ္စည်းများကို ဖြန့်ဝေခြင်းစသည့် လုပ်ငန်းများအတွက် Software Applications စနစ်များ၊

- Finance Industry Application - ကုမ္ပဏီအချင်းချင်း ငွေကြေးဆိုင်ရာလုပ်ငန်းများ ၊ ကုမ္ပဏီနှင့်ဘဏ်များအကြား ငွေကြေးဆိုင်ရာလုပ်ငန်းများ ၊ ကုမ္ပဏီနှင့်ဝယ်ယူသူ Customer များအကြား ငွေကြေးဆိုင်ရာလုပ်ငန်းများ ၊ ကုမ္ပဏီတွင်း ငွေကြေးဆိုင်ရာလုပ်ငန်းများ စသည်တို့တွင် အသုံးပြုနိုင်သည့် Software Application များ၊
- Communication - ပြည်တွင်းပြည်ပကုမ္ပဏီများအချင်းချင်း ဆက်သွယ်ရေးလုပ်ငန်းများ ၊ ကုမ္ပဏီနှင့် အစိုးရဌာနများအကြား ဆက်သွယ်သည့်လုပ်ငန်းများ၊ ကုမ္ပဏီနှင့်ဝယ်ယူသော Customer များအကြား ဆက်သွယ်ရေးပြုနိုင်မည့် Software Applications များ၊
- e-Health - ကျန်းမာရေးနှင့်ပတ်သက်၍ အသုံးပြု Software Applications များ၊
- Tourism and Hospitality - ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ အသုံးပြုသော Software Applications များ အကျုံးဝင်ပါသည်။

**Corporate Social Responsibility (CSR)**

လူမှုအကျိုးစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး ၊ ဒီဂျစ်တယ်ကွာဟချက် (Digital Divide) ကို လျော့ချနိုင်ရေး စသည်တို့အတွက် ရည်ရွယ်ရေးသားထားသော Software Applications/Hardware များ အကျုံးဝင်ပါသည်။

**Digital Content Category**

ခေတ်မီနည်းပညာကို အသုံးပြု၍ ရုပ်ပုံများ၊ စာများ၊ အသံများ၊ ဗီဒီယိုများကို Digital စနစ်သို့ ကူးပြောင်း၍ ဖျော်ဖြေမှုပုံစံကိုပြသနိုင်မည့် Multimedia Software Applications/ Hardware များအကျုံးဝင်သည်။

**Start-up Company**

ICT Software Application နှင့် Hardware ပစ္စည်းများကို တီထွင်ထုတ်လုပ်ရန် ၊ ကုမ္ပဏီစတင်တည်ထောင်ရန် ကြိုးစားလျက်ရှိသော ကုမ္ပဏီငယ်များဖြစ်ပြီး ပြိုင်ပွဲဝင်သည့်အချိန်တွင် ကုမ္ပဏီကြီးတစ်ခု၏ လက်အောက်ခံကုမ္ပဏီ မဖြစ်ရပါ။ Registration ကာလ (၃) နှစ်ထက်မပိုသော ကုမ္ပဏီများ အကျုံးဝင်သည်။

**Research and Development**

ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လုပ်ဆောင်နေသည့် ဇဟုသုတအသစ်များ၊ လုပ်ငန်းစဉ်များ (Process)၊ ထုတ်ကုန်များ (Product) နှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်ထားသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

## ပြိုင်ပွဲကျင်းပမည့်အဆင့်များ

ပြိုင်ပွဲကို အောက်ဖော်ပြပါအတိုင်းအဆင့် (၄) ဆင့်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

၁။ ပထမအဆင့်တွင် ယှဉ်ပြိုင်သူများသည် မိမိတို့ယှဉ်ပြိုင်မည့် အကြောင်းအရာကိုရှင်းလင်းဖော်ပြထားသည့် (၂) မိနစ်မှ (၅) မိနစ်ခန့်ရှိ Video Presentation (.avi format) နှင့်အတူ ပြိုင်ပွဲဝင်ပုံစံ (Entry Form) အား Event Webpage ဖြစ်သည့် (https://aseanictaward.org.mm) တွင် သက်ဆိုင်ရာနိုင်ငံအလိုက် National Coordinator မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

၂။ ဒုတိယအဆင့်တွင် တင်သွင်းထားသည့် ပြိုင်ပွဲဝင်များ၏ Presentation ကို အာဆီယံနိုင်ငံများ၏ ပြိုင်ပွဲအကဲဖြတ်ဒိုင်များမှ Preliminary Judging ကို Online ဖြင့် ပြုလုပ်မည်ဖြစ်ပါသည်။

၃။ တတိယအဆင့်တွင် ပြိုင်ပွဲအမျိုးအစား တစ်ခုချင်းစီအတွက် Short Listed ရွေးချယ်ခံရသူ ပြိုင်ပွဲဝင်များ၏ Presentation ရှင်းလင်းတင်ပြချက်အား အာဆီယံနိုင်ငံများ၏ ပြိုင်ပွဲအကဲဖြတ်ဒိုင်များနှင့် ပြင်ပနိုင်ငံများမှ အကဲဖြတ်ဒိုင်များ (အာဆီယံ၏မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့မှ Industry Experts) တို့မှ Final Judging (Online) ပြုလုပ်မည်ဖြစ်ပါသည်။

၄။ စတုတ္ထအဆင့် (နောက်ဆုံးအဆင့်) တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် Video Conferencing Meeting ဖြင့် ကျင်းပပြုလုပ်မည့် ASEAN Digital Minister's Meeting (ADGMIN) အစည်းအဝေးကြီးတွင် ပြိုင်ပွဲအမျိုးအစားတစ်ခုချင်းအလိုက် Gold Prize ၊ Silver Prize နှင့် Bronze Prize ရရှိသူများကို ကြေညာ၍ ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။